PUBLISHING
GROUP

# ရှင်မြတ်နိုး

## ရှင့်ကို ချစ်တယ်



Design : Chit Sann (528)

# အခန်း ( ၁ )

စူးလက်နေသော မျက်ဝန်းတစ်စုံက သူမခန္ဓာကိုယ်လေးပေါ်သို့ ကျရောက်လာခဲ့၏။

ရင်မဆိုင်ရဲစွာ ခေါင်းလေးငုံ့ချလိုက်သလို သူမရဲ့ မျက်ဝန်းလေးတွေပါ စင်းကျသွားရသည် ။

မလာချင်ပါဘူး။ ဒီနေရာ၊ ဒီပတ်ဝန်းကျင်၊ ဒီအသိုင်းအဝိုင်းကြီးထဲကို ရယူလိုမှုတွေ အခန့် သား မှီခိုတွယ်တာရမှုတွေကို သူမ တကယ်ပဲ မလိုချင်ခဲ့လို့ ဒီအချိန်ထိ ကိုယ့်အားကိုယ်ကိုးပြီး နေခဲ့ တာပါ။

ရပ်တည်နိုင်အောင် ကြိုးစားခဲ့တာပါ။

သို့သော်....

ကံကြမ္မာက မျက်လှည့်ဆန်စွာ သူမကို ဒီနေရာရောက်အောင် တွန်းပို့ပေးခဲ့သည် ။ ငြင်းဆန် စရာ အင်အားတစ်စုံတစ်ရာမရှိသော အကြောင်းပြချက်တွေနှင့် ဖိအားတွေပေးခဲ့သည် ။

"မင်းနာမည်က..."

"ပန်း...ပန်းရောင်ခြည်ပါရှင်..."

"အင်း..."

အသံသြဇာပြည့်ဝနေသော မေးသံကို သူမ မရဲတရဲကလေး ပြန်ဖြေ

လိုက်ရသည် ။ ပြီးနောက် စကားသံလေးတွေက ပြန်လည်တိတ်ဆိတ်သွားပြန်၏။

သက်ပြင်းမောကိုကြိတ်ပြီး ချရသူက ဒေါ်ဝတီခင်ပဲ ဖြစ်သည် ။

မျက်ဝန်းရှေ့မှာ ခပ်ရှိုရှိုလေးထိုင်နေတဲ့ ပန်းရောင်ခြယ်ဆိုတဲ့ ကောင်မလေးဆီ စိတ်မသက် သာတဲ့ မျက်ဝန်းလေးတွေနှင့် စူးခနဲစိုက်ကြည့်မိပြန်သည် ။

လှသည် ။

သိပ်ကိုလှပလွန်းသည် ။

ဖြစ်ပ့ါမလား။

ဒီလောက် မှုန်နေအောင် အပြစ်ကင်းစွာ လှပလွန်းတဲ့ ကောင်မလေးတစ်ယောက်ကို ဒီတိုက်ကြီးထဲမှာ လက်ခံထားဖို့ ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ အခြေအနေပါပဲ။ မိမိမှာ သားလူပျို ကလေးတစ်ယောက် ရှိနေသေးသည် ။

သို့ပေမဲ့…။

လက်မခံပါဘူးလို့ ငြင်းပယ်လို့ လည်း မရပြန်။

အကြီးအကျယ် ဦးနှောက်စားနေရတာက ဒေါ်ဝတီခင်ပါပဲ။ သမက်ဖြစ်သူ ခြယ်မင်းထင်က ပွင့်ပွင့်လင်းလင်းကိုပဲ… တောင်းဆိုနေခဲ့ပြီလေ…။

"မာမီ…"

"ပြောပါ မောင်ခြယ်မင်းထင်…"

"ညီမလေးကို လက်ခံပေးပါလို့ ကျွန်တော် အနူးအညွတ်တောင်းပန်

ပါရစေ...မေမေ မရှိ တော့တဲ့ နောက်မှာ သူ့ကိုတစ်ယောက်တည်း ပစ်ထားဖို့ ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်လို့ ပါမာမီ...မေမေ့ ရဲ့ နောက်ဆုံးဆန္ဒအရ ကျွန်တော့် ညီမလေးကို ပညာတတ်လေးတစ်ယောက်ဖြစ်ပြီး သူ့ဘဝလမ်း သူ လျှောက်နိုင်သွားနိုင်တဲ့ အထိ ပျိုးထောင်ပေးပါရစေ မာမီ...ဒီအတွက် မာမီက နားလည်ပေးပါလို့ တောင်းပန်ပါရစေ မာမီရယ်..."

သမက်ဖြစ်သူ ခြယ်မင်းထင်ဆီက ပြတ်သားတဲ့ တောင်းဆိုချက်ကို ဒေါ်ဝတီခင် ပြန်မချေပ နိုင်။ ဘယ်လိုမှ မတားဆီးနိုင်ခဲ့ပါချေ...။

မှန်နေတာပဲလေ...။ ခြယ်မင်းထင်ပြောတာလည်း တရားနည်းလမ်းကျနေတာပဲ။ တကွဲ တပြားစီထားလို့ ဘယ်ရမှာ လဲ။ ကောင်မလေးက အခုမှ ဆယ်တန်းအောင်ခါစလေးပဲ ရှိနေသေးတာ။ ပန်းရောင်ခြယ်လေး တက္ကသိုလ်တက်ဖို့ ကလည်း ရှိနေသေးသည် ။ ပညာလေးတစ်ပိုင်းတစ်စနဲ့ ဘာ သွားလုပ်စားမလဲလေ။ ဒါကိုနားလည်မှုပေးရမှာ ပေါ့။ ခက်နေတာက သားလူပျိုလေးရှိနေခြင်းကိုပင်။

"မိန်းကလေးတစ်ယောက်တည်း အဆောင်မှာ ထားဖို့ ဆိုတာကလည်း အစ်ကိုတစ်ယောက် လုံး ရှိနေပါလျှက်နဲ့ အခုလို မျက်နှာလွှဲခဲပစ်ထားရသလားဆိုတဲ့ အဖြစ်မျိုးလည်း မရောက်ချင်ဘူး မာမီ...အေးမြတဲ့ မာမီတို့ ရဲ့ အရိပ်အောက်ကလေးကနေ...ပညာလေးသင်ပေးခွင့်ရရင်ပဲ ကျွန်တော် ကျေနပ်ပါပြီ မာမီ..."

ခြယ်မင်းထင်တစ်ယောက်....ရိုသေလေးစားစွာ တောင်းခံနေမိတာပါ။

မေမေ ဒေါ်ရောင်ခြယ်ခြယ်ရဲ့ နောက်ဆုံးဆန္ဒတစ်ခု။ ညီမလေးကို ပညာတတ်အောင် သင်ပေးပါတဲ့ ။ ဘဝကို ဆင်းရဲပင်ပန်းမှုတွေကြားက

မောင်နှမနှစ်ယောက်စလုံးကို ပညာတွေသင်ပေး ခဲ့တဲ့ အမေ။ သူ အခုမှ အမေ့ကျေးဇူးတွေ ပြန်တွေးရင်း နောင်တတွေ အကြီးအကျယ်ရနေမိသည် ။ ငွေ တွေသာထောက်ပံ့ပေးခဲ့ပြီး လူကိုယ်တိုင် သွားရောက်ဖြေသိမ့် အားပေးမှုတွေကို မလုပ်နိုင်ခဲ့။ အမေ့ရင် ခွင်ကနေ ရုန်းထွက်ပြီး…သက်မှူးခင်ဆိုတဲ့ မိန်းကလေးတစ်ယောက်ကို လက်ထပ်မိခဲ့ပြီးနောက်ပိုင်း ယောက္ခမကြီးရဲ့ စီးပွားရေးလုပ်ငန်းတွေကို ဦးစီးကာ ကြိုးစားပြီး လုပ်ကိုင်ပေးခဲ့ရသည် ။

ရိုးသားပြီး ကြိုးစားတဲ့ သူ လက်ထဲမှာ အောင်မြင်မှုတွေပိုရခဲ့၏။

သက်မှူးကလည်း အလိုက်သိစွာပင် အမေနဲ့ ညီမလေး ပန်းရောင်ခြယ်ကို ငွေကြေးထောက်ပံ့ စေသည် ။ မိုးလင်းကနေ မိုးချုပ် အလုပ်ထဲမှ စိတ်နဲ့ ကိုယ်ကို နှစ်မြှုပ်ထားတဲ့ အတွက် လူမှုရေးဘက် တွင် အားနည်းသွားခဲ့၏။

အမေ့ဆီကို သိပ်မရောက်ဖြစ်ချေ။

ညီမလေးဆီက အမေ ကျန်းမာရေးအခြေအနေမကောင်းဘူးဆိုတဲ့ အကြောင်းကြားစာ လာ တော့မှ ပဲ အမေ့ဆီကို လိုက်သွားတော့ အမေက ဆုံးနေပြီလေ။ အမေ့အသက်ကိုတောင် မမီခဲ့တဲ့ ခြယ် မင်းထင်ပါ။ စီးပွားရေးတွေ တစ်ချိန်လုံးလုပ်ပြီး အမေနဲ့ ညီမလေးရဲ့ ဘဝလေး လှပတင့်တယ်အောင် ထားချင်တဲ့ သူ။ အခုတော့ ရည်မှန်းချက်တွေ မပြည့်ခင်မှာ ဘဲ အမေက လမ်းခွဲသွားခဲ့ပြီ။

အခု…

ပန်းရောင်ခြယ်ဆိုတဲ့ ညီမလေးတစ်ယောက်ပဲ ကျန်တော့သည် ။

သူ…

ဘယ်လိုမှ မထားခဲ့ရက်။

အမေ့ကိစ္စတွေအားလုံး ပြီးစီးတာနှင့် ဇနီးသည် သက်မှူးကို ခွင့်တောင်းကာ ညီမလေးကိုပါ တပါတည်း ခေါ်လာခဲ့လိုက်သည် ။

သက်မှူးကလည်း ...

စိတ်သဘောထားပြည့်ဝစွာပင် ကောင်မလေးကို လိုက်ခဲ့စေ၏။ သူဝမ်းသာသွားရသည် ။ သက်မှူးခင်ရဲ့ မာမီကိုတော့ သူ ဒီရောက်မှ ပဲ အခက်အခဲကို တင်ပြကာ တောင်းပန်နေရသည် ။

"အေးလေ...ခေါ်လာတော့မှ ဘာတတ်နိုင်မလဲ၊ လက်မခံလို့ မှ မရတော့တာ....မောင်ခြယ် မင်းထင်ရဲ့ ခံစားချက်ကို မာမီနားလည်ပေးရမှာ ပေါ့..."

"ဟာ..."

ယောက္ခမကြီးဆီက မနှစ်မြို့သော်လည်း မတတ်သာ၍ စိတ်လျှော့ချထားလိုက်တာ လက်ခံ ပေးလိုက်သဖြင့် ခြယ်မင်းထင် အပျော်ကြီးပျော်သွားရသည် ။

ရင်ထဲဆို့တတ်လာတဲ့ ဝမ်းသာလုံးကြီးကို ဘယ်လိုချရမှန်းပင်မသိတော့။

"ဒါပေမဲ့..."

ဒေါ်ဝတီခင်စကားကို ပြန်ပြီးအစပျိုးလိုက်၏။

လက်ခံထားတာတော့ ဟုတ်ပါပြီ။ ဒါက သမက်ဖြစ်သူ ခြယ်မင်းထင်ရဲ့ မျက်နှာနဲ့ မငြင်းပယ် ရက်လို့ လေ။ ခြယ်မင်းထင်က စီးပွားအရာကောင်းတဲ့ သမက်ဆိုတော့ စိတ်ငြိုငြင်သွားအောင် မလုပ် ချင်တာ။ သ

မီးဖြစ်သူရဲ့ အိမ်ထောင်ရေးကလည်း ရှိသေးတာကို။

"ပြောပါ မာမီ...."

"ပန်းရောင်ခြယ်ဟာ မာမီတို့ စကားကို လေးစားလိုက်နာပြီး နေထိုင်ရလိမ့်မယ်...မာမီ့ရဲ့ ဆုံးမသွန်သင်မှုကို လိုက်နာကျင့်သုံးရမယ်...ဒါကိုတော့ မဖြစ်မနေ လက်ခံပါ မောင်ခြယ်မင်းထင်..."

ဒေါ်ဝတီခင် ဒီစကားတွေကို တမင်ပဲ ပြောချလိုက်တာပါ။ အခုရှုပ်မှ နောင်ရှင်းဆိုတဲ့ စကားက ရှိတယ်လေ။ ဒါကြောင့် ပြတ်ပြတ်သားသားက ပြောရတာ။

"ဟာ...ဒါ မှန်တာပေါ့ မာမီ...ပန်းရောင်ခြယ်ကို မာမီတို့ လက်ထဲမှ ထားရမှာ ပဲလေ... မာမီတို့ ရဲ့ သွန်သင်ဆုံးမမှုကို နာခံရမှာ ပေါ့...ကျွန်တော်က စီးပွားရေးလုပ်ငန်းတွေနဲ့ အားမှ မအား တာ....တစ်ချိန်လုံး မျက်စိအောက်မှာ မထားနိုင်ဘူး...ညီမလေးကို မာမီတို့ ၊ သက်တို့ ရဲ့ လက်ကိုပဲ အပ်ရမှာ ပါ...မလိမ္မာတာရှိရင် ကြိုက်သလို ဆုံးမနိုင်ပါတယ် မာမီ..."

ခြယ်မင်းထင်....။

ဒီစကားတွေကို ရင်ထဲက တကယ်ပဲ လှိုက်လှိုက်လှဲလှဲနဲ့ ပြောလိုက်တာပါ။ ယောက္ခမကြီးဆီ က ညီမလေးကို နေခွင့်ပေးလိုက်တာလေးကိုပဲ ကျေးဇူးတွေ အထူးတင်နေမိပါပြီ။

"ပန်းရောင်ခြယ်..."

ဒေါ်ဝတီခင့်ဆီက ပီသစွာခေါ်လိုက်သံကြောင့် သူမ မော့ကြည့်လိုက်သည် ။ စူးရှတဲ့ မျက်လုံး တစ်လုံးနှင့် အကြည့်ချင်းဆုံသွား၏။

အို...

သူမ ရှိနေတာ မနှစ်မြို့တဲ့ မျက်ဝန်းတွေပါလား။

သို့သော်...

ဟန်ဆောင်မကောင်းစွာ ထိန်းချုပ်ထားလေသူက ဒေါ်ဝတီခင်ဆိုတဲ့ ကိုကြီးရဲ့ ယောက္ခမကြီး ပါပဲ။ နှုတ်ခမ်းတွေက ပြုံးလို့ လေ။

"ရှင် မာမီကြီး..."

သူမ...

ကိုကြီးခေါ်သလို 'မာမီ'ကို အနောက်ကနေ 'ကြီး'တစ်လုံးထပ်ထည့်ကာ ခေါ်လိုက်မိ သည် ။

"မင်း...ကတိပေးနိုင်ရဲ့ လား..."

"ရှင်..."

"အဟင်း...ဟင်း...စောစောက မာမီကြီးပြောတဲ့ စကားတွေကိုလေ ..."

"ရှင်...ဟုတ်...ဟုတ်ကဲ့...ပန်းရောင်ခြယ် ကတိပေးပါတယ် မာမီကြီး..."

သူမ...

အသံမတုန်အောင် ထိန်းပြောနေလျှက်က အသံလေးတွေက အဖျား ခတ်တုန်ယင်သွားပြန် သည် ။

"ပြောမဲ့သာပြောရတာပါ...ခြယ်မင်းထင်ရဲ့ ညီမက ခြယ်မင်းထင်သလိုပဲ...ကျေးဇူးတရား နားလည်သိတတ်ပြီး လိမ္မာရေးခြားရှိမဲ့ပုံစံလေးပါပဲကွယ်...ဟင်း...ဟင်း...မာမီကြီးက စိုးရိမ်တတ် လွန်းလို့ သာ ဒီစကားတွေကို ပြောရတာပါ...အခုခေတ်က အပျော်အပါးတွေက အများ သား

... စိတ်ခံစားမှုနောက်ကို မျက်ကန်းတစ္ဆေလို လိုက်သွားလို့ ဘဝပျက်သွားမှာ ကြောက်ရတယ်လေ..."

"ဟာ...အဲ့ဒါတော့ စိတ်ချမာမီ...ညီမလေးက သူ့ဘဝသူ နားလည်ပါတယ်..."

ယောက္ခမကြီးရဲ့ စကားတွေကို ညီမလေး တစ်မျိုးထင်မှာ စိုး၍ ခြယ်မင်းထင် ဖာဖာထေးထေး လေး ဝင်ပြောမိသည် ။

စိတ်မကောင်းစွာ လှမ်းကြည့်လာတဲ့ ကိုကြီးရဲ့ မျက်လုံးလေးတွေကို သူမ နားလည်မှုရှိစွာ သူမ အပြုံးမျက်လုံးလေးတွေနှင့် ပြန်ကြည့်လိုက်၏။

ပန်းရောင်ခြယ်...။

နားလည်ပါတယ် ကိုကြီးရယ်...။

ကိုကြီး စိတ်မကောင်းမဖြစ်ပါနဲ့ နော်။ ပန်းရောင်ခြယ်အတွက် အခုလို မျက်နှာငယ်ခံပြီး တောင်းဆိုပေးတာကိုပဲ ကျေးဇူးတင်လို့ မဆုံးတော့ပါဘူး။

ကိုကြီးက...

ခြယ့်ကို သည်းခံလိုက်စေချင်တာ မဟုတ်လား...။ ရုန်းမထွက်နိုင်တဲ့ ယောက္ခမအရိပ်အောက် မှာ ရှိနေတဲ့ အချိန်မို့ ခြယ့်ကို ပြဿနာမတတ်စေချင်တာ မဟုတ်လား။ ကိုကြီးရဲ့ ရင်ထဲက စကားတွေ ကို ပန်းရောင်ခြယ် နားလည်လို့ ရပါတယ်။

ဒါကို ခြယ် သဘောပေါက်ပါတယ်ရှင်။

စိတ်ချပါ ကိုကြီးရယ်။

ညီမလေးကြောင့် ကိုကြီးရဲ့ စိတ်တွေ ဘယ်တော့မှ မရှုပ်ထွေးစေရပါဘူး။

"အေးကွယ်...အခုလို မာမီ့စေတနာကို နားလည်မှုရှိကြတာ ကောင်းတာပေါ့...ကဲ..ကဲ... မင်းတို့ လည်း ခရီးပန်းလာတယ် မဟုတ်လား... သွားအနားယူကြတော့လေ၊ သွားကြ...သွားကြ..."

"ဟုတ်ကဲ့ မာမီ"

စကားတွေ အများကြီး သမက်ဖြစ်သူရှေ့တွင် မပြောချင်တော့သဖြင့် ဒေါ်ဂုတီခင် တမင်ပဲ သွားခိုင်းပစ်လိုက်သည် ။

"မာမီ..."

ခင်ပွန်းဖြစ်သူ ဘေးမှာ တစ်ချိန်လုံး ငြိမ်သက်စွာ ထိုင်နေမိတဲ့ သက်မှူးခင် မာမီဆီ လှမ်းကြည့်ကာ စကားစလိုက်သည် ။

"ဘာလဲ...သက်မှူး.."

"ဟို...ဟိုလေ...ပန်းရောင်ခြယ်အတွက်..."

"အဲ့ဒါမာမီသိပါတယ်...ဒါကြောင့် အောက်ထပ်က အခန်းလွတ်ထဲမှာ ပြင်ဆင်ခိုင်းထား တယ် သက်မှူး..."

"ဟို..."

အတွန့်တက်ဖို့ လုပ်နေတဲ့ သမီးဖြစ်သူကို စကားအဆက်မခံဘဲ...။

"သက်မှူးခင်...အပေါ်မှာ က သားငယ်ရှိသေးတယ်လေ၊ ပြီးတော့ ဒင်းက သီချင်းတွေဆို လည်း တဝုန်းဝုန်းဖွင့်တာ ပန်းရောင်ခြယ် နားငြီးမှာ စိုးလို့ ... မာမီက စေတနာနဲ့ အောက်ထပ်မှာ ပဲ ပြင်ခိုင်းထားတယ်..."

"ရှင် ..."

သက်မှူးခင် အားနာသွားမိသည် ။ မာမီကတော့လုပ်ပြီ ပန်းရောင်ခြယ်ကို အစကတည်းက နှိမ့်နှိမ့်ချချ ဆက်ဆံလိုက်တာ။ အောက်ထပ်က အလုပ်သမားတွေနဲ့ တန်းတူထားလိုက်တာ။

ဘာပဲပြောပြော ...။

ပန်းရောင်ခြယ်က ခင်ပွန်းဖြစ်သူရဲ့ တစ်ဦးတည်းသော ညီမလေးလေ။

မာမီက ...။

သူ့သားအငယ်နဲ့ စိတ်မချလို့ တမင်အောက်ထပ်မှာ ပဲ ထားတာဆိုပေမဲ့ အားနာစရာ ခင်ပွန်း ဖြစ်သူရဲ့ မျက်နှာကို မော့ကြည့်လိုက်တော့ ...။

"ဟုတ်သားပဲ ...ညီမလေး စိတ်မလွတ်လပ်ပဲရှိနေမှာ ...မာမီစီစဉ်တဲ့ အတိုင်းပဲနေပါစေ ..."

ခင်ပွန်းဖြစ်သူ ခြယ်မင်းထင်က သူမ စိတ်သက်သာရာရအောင် ဖြေဖျောက်ပေး၏။

"ဟုတ် ... ဟုတ်ကဲပါ ကိုမင်း ..."

မသိမသာလေး လှမ်းထိုးလိုက်တဲ့ မာမ့်ီမျက်စောင်းလေးအကြောင်းကို သက်မှူးခင် အသိ ဆုံးပဲလေ။ သက်မှူးခင်ကိုတောင် ငွေမရှိတဲ့ ကိုခြယ်မင်းထင်ကို လက်ထပ်လို့ ...မာမီ တော်တော်နဲ့ စကားမပြောဘဲ ပစ်ပယ်ထားခဲ့သေးတာပဲ။ နောက်မှ ပြန်ခေါ်ပြီး လုပ်ငန်းတွေ သင်ပေး၊ ပြပေးပြီး ခြယ်မင်းထင်ကို စီးပွားရေးလမ်းပေါ် တင်ပေးခဲ့သည် ။

ကြိုးစားပြီး ရိုးသားတဲ့ ခင်ပွန်းသည် ရဲ့ လက်ထဲမှာ စီးပွားရေးပို အောင်မြင်ခဲ့တာကြောင့် မာမီ သိပ်ပြီး တင်းမာမနေတော့။ ငွေမက်တဲ့ မာမီအတွက် ကိုခြယ်မင်းထင်က ရွှေသမက်၊ ငွေသမက်၊ ပတ္တမြားသမက်ဖြစ်နေခဲ့ပြီ မဟုတ်လား။

"သက် ..."

"ဟင် ...ရှင်... ကိုမင်း ..."

အတွေးလွန်နေတဲ့ သက်မှူးခင်တစ်ယောက် ခင်ပွန်းဖြစ်သူ၏ ခေါ်သံကြောင့် အသိပြန်ဝင် သွားရသည် ။

"သွားအနားယူတော့လေ ... ခရီးပန်းလာတယ် မဟုတ်လား ..."

"ကိုမင်းရော ... "

"ကိုယ် ညီမလေးကို အခန်းသွားပို့ပေးလိုက်ဦးမယ် ..."

"ဪ ... ဟုတ် ..."

"သက် ... သွားနားတော့နော် ..."

ခြယ်မင်းထင် ဇနီးကိုနားခိုင်းလိုက်သည် ။

"ပန်းရောင်ခြယ် ..."

သက်မှူးခင်က အပေါ်မတက်ခင် ယောက်မဖြစ်သူကို အပြုံးကလေးနှင့် ခေါ်ပြီး ...

"ရှင် ... မမသက် ..."

"ဘာမှ အားမငယ်နဲ့ နော် ..."

"ဟုတ်... ဟုတ်ကဲ့ မမသက်..."

"ကဲ…မမသက် သွားနားတော့မယ်…"

"ဟုတ်…"

ယောက်မဖြစ်သူအတွက် အကဲပိုနေတဲ့ သမီးဖြစ်သူ သက်မှူးခင်ကိုကြည့်ပြီး ဒေါ်ဝတီခင် အမြင်ကတ်လှစွာ မျက်စောင်းကြီးပဲ ထိုးနေမိသည် ။

ဒါကို ဘယ်သူမှ တော့ သတိမထားမိချေ။

"ကဲ…လာ ညီမလေး…"

ကိုကြီးရဲ့ ခေါ်သံကြောင့် နဘေးမှာ ချထားသော အဝတ်ဆွဲအိတ်လေးကို ကောက်ယူပြီး ထလိုက်မိသည် ။

"မာမီ…ခွင့်ပြုပါဦးနော်…"

ခြယ်မင်းထင် တရိုတသေလေး ခွင့်တောင်းလိုက်၏။

"အေး…အေး…"

""

ဒေါ်ဝတီခင်ကို နှုတ်ဆက်ပြီး ညီမဖြစ်သူရဲ့ အဝတ်အစားဆွဲအိတ်လေးကို ပြောင်းယူရင်း ကျောခိုင်းထွက်ခွာသွားကြတဲ့ မောင်နှမနှစ်ယောက်ကိုကြည့်ပြီး စိတ်အေးချမ်းမှုမရှိစွာ ကျန်နေရစ်ခဲ့ ရသည် ။

ဟင်း….

သက်မမောကြီးကိုသာ ခိုးချလိုက်ရ၏။

ပန်းရောင်ခြယ်…

ပန်းရောင်ခြယ်…

အရွယ်လေးကလည်းကောင်း…။

လူလေးကလည်း လှမှ လှ၊ တကယ့်ကို ဖူးဖူးရွရွလေး။

သားငယ်နဲ့ အရွယ်မတိမ်းမယိမ်းလေး ဖြစ်နေသည် ။

မဖြစ်ဘူး…။

မဖြစ်ဘူး…။

သမီးဖြစ်သူ သက်မှူးကိစ္စတုန်းက မိမိသိပ်ပြီး မရိပ်မိတာကြောင့် အခုလို အချိန်တွေလွန်မှ မဖြစ်မနေ လက်ခံလိုက်ရတာလေ။ ခြယ်မင်းထင်က အစွမ်းအစရှိပေမဲ့ မိဘမျိုးရိုးဂုဏ်မရှိ။ ဒေါ်ဝတီခင့် အသိုင်းအဝိုင်းမှ မျက်နှာငယ်ခဲ့ရသည် ။ ဝေဖန်ခံရ၏။

အခု…

ပန်းရောင်ခြယ်ဆိုတဲ့ ကောင်မလေးကလာပြန်ပြီ။

ဒီတစ်ခါတော့…

မိမိအကြမ်းကိုင်မှ ဖြစ်တော့မည်လေ။

ဟူး…

စိတ်မောလိုက်တာနော်…။

အေးအေးကို မနေရပါလား…။ ကံကြမ္မာရယ် ဒေါ်ဝတီခင်တစ်ယောက်တည်း အတွေးတွေနှင့် ချာလည်လည်နေတော့သည် ။

***

# အခန်း ( ၂ )

"ဒုန်း…ဒုန်း…"

"ဒုန်း…"

"ဗိုက်ဆာတယ်ဗျို့…မြန်မြန်လေး ထမင်းပွဲပြင်ပေးပါ"

ဗုဒ္ဓေါ။

ပန်းရောင်ခြယ်ရဲ့ မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားရသည်။

"ဟော့…မီးဖိုခန်းကလူတွေ…မကြားကြဘူးလား…ဒီမှာ လူက အရမ်းကို ဗိုက်တွေလိုမ့်ဆာ နေပြီနော်…မြန်မြန်လေး ထမင်းပွဲပြင်ပေးကြတော့…"

သူမ…

အခုမှ ရောက်တာမို့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေရချေပြီ။

စောစောကလေးတင် မိသားစုတွေအားလုံး စားသောက်ပြီးကြလို့ သူမ မီးဖိုချောင်သန့်ရှင်း ရေးတွေ ဝိုင်းလုပ်ပေးနေတာလေ။ အရေးထဲကျမှ ထမင်းဟင်းချက်ကြီးဒေါ်မိုးကလည်း ဗိုက်နာ လှချည်ရဲ့ ဆိုပြီး ရေအိမ်ခန်းထဲ ဝင်နေလေရဲ့ ။ သစ်သစ်ကလည်း လျှော်ထားတဲ့ အဝတ်တွေ အပြင်မှာ သွားလှန်းနေ၏။ မီးဖိုခန်းလေးထဲမှာ ပန်းရောင်ခြယ်တစ်ယောက်

တည်းရှိနေသည် ။

"ဒုန်…ဒုန်း…"

"ခပ်မြန်မြန်ဖျို့…"

အမလေးနော်…။

ဘာဖြစ်လို့ ဒီလောက်ကြီးများ တောင် သောင်းကျန်းနေရသလဲ မသိပါဘူး။

ထမင်းဟင်းတွေ ခူးခပ်ပေးနေရတဲ့ လက်ကလေးတွေပင် တုန်ယင်သွားရ၏။

ဒါ…။

မမသက်မှူးခင်ရဲ့ မောင်ငယ်ပဲဖြစ်ရမယ်။ ကိုကြီးက ပြောပြထားတာလေ။

တစ်နေကုန် တစ်နေခန်း ဘယ်သွားနေမှန်းမသိ။ သူမတို့ ရောက်တဲ့မနက်ကတည်းကိုက မတွေ့ရတာ။ အခုမှ အပြေးအလွှားဝင် လာပြီး သောင်းကျန်းနေ၏။

"ဟေ့…မြန်မြန်ဟေ့…မြန်မြန်…ဒီမှာ အစာအိမ်တွေ ပေါက်ထွက်တော့မယ်နော်…"

အဲ…။

အစာအိမ်တွေတောင် ပေါက်ထွက်တော့မယ်ဆိုပါလား။

"ဒေါ်မိုး…ဒေါ်မိုး…"

ဒေါ်မိုးနာမည်ကို တွင် တွင် ကြီး အော်ခေါ်နေမိတဲ့ နိုင်စစ်မာန်…။

သူငယ်ချင်းတွေနဲ့ လျှောက်လည်ပတ်ပြီး အခုမှ ဗိုက်ဆာမှန်း သတိထားမိ၏။ အချိန်က လည်း မနည်းတော့ဘူးလေ။ နေ့လယ်နှစ်နာရီထိုးတော့မည်ဆိုတော့ ဆာ လာပြီပေါ့။

ဟင်...။

အိမ်နောက်က မီးဖိုခန်းထဲ အသံတွေကြားနေရပါလျက်နဲ့ သူခေါ်တာကိုတော့ ပြန်ထူးသံ မကြားရချေ။ နိုင်စစ်မာန် အံ့ဩသွားရသည် ။

ဗိုက်ဆာလွန်းလို့ ရင်တွေပင် တလှပ်လှပ်တုန်ပြီး လက်တွေပင် တုန်ယင်ချင်နေ၏။ ကြာလိုက်တာ။ အခုထိ လာချမပေးသေး။

သူ...

စိတ်မရှည်စွာ ထရပ်လိုက်ပြီး...။

ခြေလှမ်းကျဲကြီးများ နှင့် မီးဖိုခန်းဘက် သူ လျှောက်သွား၏။

"ဒေါ်မိုး...ဟင်...မင်း...မင်း..."

"အို..."

မထင်မှတ်ဘဲ မီးဖိုခန်းသို့ ဝင်လိုက်တဲ့ နိုင်စစ်မာန်တစ်ယောက် ထမင်းချက်ကြီးဒေါ်မိုး မဟုတ်ဘဲ အင်မတန် နုနယ်ချောမောလှပတဲ့ မိန်းမချောလေးတစ်ယောက် ထမင်းဟင်းများ ထည့် ထားသော ပန်းကန်လေးများကို သယ်မပြီး ထွက်အလာနှင့် တည့်တည့်တိုးသွားရသည် မို့ ကိုယ်ကို ထိန်းရှောင်ရင်း စူးရဲစွာ ကြည့်မိသွားရသည် ။

နိုင်စစ်မာန် အံ့ဩငေးမောသွားရပြီ။

မျက်နက်ဝန်းဝိုင်းဝိုင်းလေးတွေ သူ့ကို အထိတ်တလန့်မော့ကြည့်ပြီး အံ့ဩမှ င်သက်စွာ ဝိုင်းဟသွားတဲ့ နှင်းဆီငုံနှုတ်ခမ်းလေးနှစ်လွှာက ရင်

ခုန်စွဲမက်စရာ။

ကြည့်စမ်း…။

နတ်သမီးလေးတစ်ပါး လူယောင်များ ဖန်ဆင်းပြီး နိုင်စစ်မာန်ရှေ့ ကိုယ်ယောင်လာပြတာ များ လား။ သူ့ရဲ့ မျက်ဝန်းအကြည့်လေးတွေက သူမလေးရဲ့ လှပတဲ့ မျက်နှာဖူးဖူးလေးဆီက မခွာနိုင်။ အသက်ရှူသံလေးတွေ မှားယွင်းသွားရပြီ။ အဆက်မပြတ်ခုန်လှုပ်နေတဲ့ ရင်ခုန်သံလေးတွေက ဘယ်လိုမှ တားဆီးထိန်းချုပ်လို့ မရတော့။

ဝင်းမွတ်နေတဲ့ အသားအရေ၊ သွယ်လျမြင့်မားတဲ့ အရပ်အမောင်းနှင့် လိုက်ဖက်ညီမျှတဲ့ ခန္ဓာ ကိုယ်လေး။ ပြီးနောက် သူနှင့် ရင်ဆိုင်တွေ့လိုက်ရ၍ ရှက်ရွံ့စွာ အောက်စိုက်ချသွားတဲ့ မျက်လွှာလေး ကြောင့် သူ အားမရစွာ မျက်လုံးပြူးလေးတွေနှင့် လိုက်ကြည့်နေမိသည် ။

"မင်း…မင်းက…"

"ဟို…ဟို…"

သူမကို စူးရဲတဲ့ ညို့မျက်ဝန်းကြီးတွေနဲ့ စိုက်ကြည့်ပြီး မေးလာတဲ့ ရဲတင်းသွက်လက်တဲ့ သူ့ကို ပန်းရောင်ခြယ် ဘယ်လိုပြန်အဖြေပေးရမှန်း မသိတော့ပါ။ သူ့မျက်ဝန်းတွေနှင့်လည်း နောက်တစ်ကြိမ် မဆုံရဲတော့။

ထစ်ငေါ့နေတဲ့ အသံတုန်တုန်လေးက ရပ်သွားပြန်၏။

ထိတ်လန့်တုန်လှုပ်နေတဲ့ သူမအသွင်လေးက နိုင်စစ်မာန်ဆိုတဲ့ သူနဲ့ ဆုံတွေ့လိုက်ရတာ။ သရဲ၊ တစ္ဆေ တစ်ကောင်ကို မြင်လိုက်ရသလိုပင်။ သွေးဆုတ်ကာ ဖြူရော်ရော်လေးဖြစ်နေတဲ့ သူမရဲ့ မျက်နှာလှလှလေးမှာ စိုးရွံ့မှုတွေကို အထင်းသား သူ မြင်တွေ့နေရပါသည် ။

ဘယ်က ကောင်မလေးလဲ။

သူ…တစ်ခါမျှ မတွေ့ဖူးတဲ့ ကောင်မလေးတစ်ယောက်ပဲ။

အိမ်အလုပ်သမားအသစ်ခန့်လိုက်တာလား။

ဟင့်အင်း…။

ဒါလည်း မဖြစ်နိုင်ပါဘူး။

ကောင်မလေးရဲ့ ရုပ်ရည်လေးနဲ့ ဝတ်စားဆင်ယင်မှုလေးက အလုပ်သမားပုံစံမှ မဟုတ်တာ။ ပြီးတော့ ဒီလိုရုပ်ရည်မျိုးနဲ့ မိန်းကလေးမျိုးကိုလည်း အကူမိန်းကလေးအဖြစ် မာမီက ခန့်မှာ မဟုတ်။ အရုပ်ဆိုးဆိုးရိုးရိုးအအပုံစံကိုပဲ ရွေးခြယ်ပြီး ခန့်တတ်တဲ့ ဒီတိုက်ကြီးထဲမှာ ဒီလိုလှပကျော့ရှင်းနေတဲ့ မိန်းကလေးကို တွေ့လိုက်ရတာ မယုံကြည်နိုင်စရာပါ။

"ဩော်…အစ်ကိုလေး…"

အနောက်ဘက်မှ ရောက်လာတဲ့ ခေါ်သံကြောင့် သူလှည့်ကြည့်လိုက်တော့ အိမ်ဖော်မလေး သစ်သစ်။ သူ့ကိုမြင်လိုက်တော့ ပျာယာခတ်သွား၏။ သစ်သစ်က မျက်လုံးဝိုင်းဝိုင်းကလေးတွေနဲ့ ပန်းရောင်ခြယ်ကို ကြည့်ပြီး…

"ဟယ်…မမလေး…ဘာတွေလုပ်နေတာလဲ…အစ်ကိုလေး ထမင်းစားဖို့ ဆို သစ်သစ်ကို ခေါ် လိုက်တာ မဟုတ်ဘူး …ထား…ထား…မမလေး မလုပ်နဲ့ …သစ်သစ်ပဲ လုပ်ပေးလိုက်မယ်…"

ဟင်…။

အိမ်ဖော်မလေးသစ်သစ်ရဲ့ ခေါ်သံက တရိုတသေလေးပဲ။

မမလေးတဲ့ …။

သစ်သစ်က…နိုင်စစ်မာန်ကို တစ်လှည့်ကြည့်ပြီး ထမင်းဟင်းပွဲတွေ

ကိုင်ထားတာမြင်တဲ့ သူမကိုလည်း တွေ့ရော...အားနားပါးနာနှင့် ဟင်းခွက်တွေကို သူမကလေးလက်ထဲက ပြောင်းရွှေ့ကာ ယူသွားလေ၏။ ပြီးနောက် သွက်လက်စွာ ထမင်းပွဲတွေဆက်ပြီး ပြင်ဆင်ပေးနေသည် ။

ဒါကို...

သူမလေးရော သူပါ ငေးကြောင်ပြီး ကြည့်နေလျက်သား။

ပန်းရောင်ခြယ်တစ်ယောက် လက်ရှိအဖြစ်ကို သတိမေ့ကာ ငေးကြောင်မိနေရာက သတိဝင်ပြီး ညှို့မျက်ဝန်းရွှဲကြီးတွေနဲ့ မယုံကြည်နိုင်သလို သူမကို တအံ့တသြငေးကြည့်နေတဲ့ သူ့ရှေ့ ကနေ ချာခနဲလှည့်အထွက်...

"ဟိတ်...နေဦး.."

ဟင်...။

ပီသတဲ့ တားဆီးလိုက်သံ။

"မင်း ဘယ်သူလဲ မိန်းကလေး..."

"ရှင်..."

"မင်း ဘယ်သူလဲလို့ မေးနေတာလေ...မြန်မာစကား နားမလည်ဘူးလား..."

"ရှင်..."

မြင်မြင်ချင်း စောက်နဲ့ ထွင်းဆိုသလို သူ့စကားစိမ်းကြောင့် သူမ ပို၍ ပင် လန့်သွားရသည် ။ အိမ်ကြီးရှင်ရဲ့ တစ်ဦးတည်းသော သားမို့ သူမ အလန့်ကြီးလန့်နေမိသည် ။

"မင်း နာမည် ဘယ်လိုခေါ်လဲ...ဒီတိုက်ကြီးထဲကို

ဘယ်လိုအကြောင်းနဲ့ ရောက်နေတာလဲ… ပြောလေ…"

နိုင်စစ်မာန်…။

သိချင်လွန်းလို့ သာ မေးတာပါ။

ဒါကို သူမလေးက ဘယ်လိုအထင်ရှိသွားသည် မသိ။ နိုင်စစ်မာန်ရဲ့ ပုံစံကိုကြည့်ပြီး ထိတ်လန့် ကြောက်ရွံ့နေတဲ့ ကောင်မလေးပုံစံလေးက တကယ့်ကို သနားစရာပါ…။ သူ့စတိုင်လ်က တကယ့်ကို အပျံစား။ အလန်းစား။ လူငယ်ပီပီ ခေတ်ရေစီးနေတဲ့ ဟော့ရှော့စတိုင်လေးကိုမှ သူမက မျက်လုံး ပြူးဝိုင်းဝိုင်းကြီးတွေနဲ့ ကြည့်ပြီး ထိတ်လန့်နေ၏။

"ဟိတ်…"

"အမလေး…"

ပန်းရောင်ခြယ် သူ့ကိုကြည့်ပြီး ထိတ်လန့်စွာ ဘာဖြေရမလဲ စဉ်းစားနေစဉ် သူ့ခေါ်သံကြောင့် အသံကလေးထွက်ပြီးတော့ပင် လန့်ဖျန့်သွားရသည် ။

"မေးနေတယ်လေ…မင်းနာမည် ဘယ်လိုခေါ်သလဲလို့ "

"ဟို…ဟို…ပန်း…ပန်းရောင်ခြယ်ပါ…"

"ပန်းရောင်ခြယ်…ဟုတ်လား…"

"ဟုတ်…ဟုတ်ကဲ့ အစ်ကိုလေး…"

အဲ…။

အစ်ကိုလေးတဲ့ …။

သစ်သစ်ခေါ်သလို သူမက လိုက်ခေါ်နေ၏။

သူ ရယ်ချင်သွားရသည် ။

ကောင်မလေးက သူ့ကို အရမ်းကြောက်ရွံ့ထိတ်လန့်နေတာလေ။ အဲ့ဒီလို တုန်လှုပ်နေတဲ့ ပုံစံ လေးကိုက တစ်မျိုးလေး ကြည့်လို့ ကောင်းနေတာ။ ပန်းရောင်ခြယ်ဆိုတဲ့ နာမည်ကလေးကို ကြား လိုက်ရသည့်အပြင် ။ သူမရဲ့ မျက်နှာလေးက တစ်စုံတစ်ယောက်နဲ့ ခပ်ဆင်ဆင်ဖြစ်နေတာကို သတိ ထားမိကတည်းက သူ့စိတ်ထဲအနည်းအကျဉ်းတော့ ရိပ်မိနေပါ၏။ သို့သော် သူမလေးကို တမင်ညစ် ချင်တဲ့ စိတ်ကလေးနဲ့ ...။

"မင်းက ဘာကိစ္စနဲ့ ဒီကိုရောက်နေတာပဲ...ပန်းရောင်ခြယ်"

"ရှင်..."

မေးခွန်းတွေ တစ်ခုပြီးတစ်ခု မပြီးနိုင်မစီးနိုင်မေးနေတဲ့ သူ့ကြောင့် ပန်းရောင်ခြယ် စိတ်အညစ်ကြီး ညစ်သွားရသည် ။ စူးရဲပြီး တစ်ကိုယ်လုံး ဝါးစားတော့မတတ် စူးစိုက်ကာ ကြည့်နေ တဲ့ သူ့မျက်ဝန်းတွေအောက်ကနေ ခပ်မြန်မြန် ပြေးထွက်လိုက်ချင်သော်လည်း မရ...။ ဒီလူနဲ့တော့ ခက်တော့တာပဲ။ ဘာကြောင့်များ ယောက်ျားကြီးဖြစ်ပြီး သူမအကြောင်းကိုမှ စပ်စုချင်နေမှန်း မသိပါဘူး။ တကယ်ဆို အိမ်ဖော်မလေး သစ်သစ်ကို တီးတိုးမေးပါလား။

"ပန်းရောင်ခြယ်..."

"ရှင်..."

"မင်းက..."

"ဟို...ဟို...ပန်းရောင်ခြယ်က ကိုခြယ်မင်းထင်ရဲ့ ညီမပါ..."

"သြော်...ဒါကြောင့်ကို...ငါက မင်းမျက်နှာကို သေချာကြည့်နေတာ ...တစ်ယောက်ယောက် နဲ့ ဆင်ပါတယ်လို့ ၊ အခုတော့ ယောက်ဖကြီးရဲ့

ညီမကို..."

"အို...."

"အဟွန်း...ဟွန်း..."

ဒုက္ခပါပဲ။

ရှက်သွေးကလေးတွေနဲ့ ရဲပလောင်းခတ်သွားတဲ့ ပန်းရောင်ခြယ်ရဲ့ မျက်နှာလှလှလေးကို ကြည်နူးပီတိဖြစ်နေတဲ့ မျက်နှာပြုံးဖြီးဖြီးနှင့် အားမနာတမ်း ငေးစိုက်ကြည့်နေတဲ့ သူ့ကို မျက်စောင်း ကလေး လှမ်းထိုးလိုက်မိသည် ။

ဟောဗျာ...။

သူ အံ့သြသွားရပြီ။

မထင်မှတ်စွာ ကျရောက်လာတဲ့ ပန်းရောင်ခြယ်ရဲ့ မျက်စောင်းလှလှလေးက နိုင်စစ်မာန်ရဲ့ နှလုံးသားတည့်တည့်သို့ ဒိုင်းခနဲ လာထိမှန်၏။ ဒီလောက်ဆို သူမကလေးရဲ့ စိတ်တွေ ဘယ်လောက် ထိ ရှုပ်ထွေးနေပြီဆိုတာ သူ သိလိုက်ပြီ...။

သို့သော်...

ဘာကြောင့်မှန်းမသိ။ သူမလေးနှင့် အခုလို စကားတွေပြောနေရတာ သူ စိတ်တွေပျော်ရွှင်နေ ရသည် ။ စောစောက ဆာနေတဲ့ ဗိုက်က အခုတော့လည်း ပြည့်အင့်လို့ နေပါလား။ ရင်ခုန်သံလေးတွေ ကြားမှာ စီးမျောရင်း လှပတဲ့ မျက်နှာလေးကို ငေးကြည့်နေမိသည် ။ စကားတွေရှာကြံပြီး သူမလေး ကို ရင်းနှီးသွားအောင် ပြောနေမိသည် ။

"အစ်ကိုလေး..."

"ဟေ...ဘာလဲဟ..."

အနောက်ဘက်ဆီက သစ်သစ်ရဲ့ ခေါ်သံကြောင့် သူစိတ်ရှုပ်ထွေးစွာ မျက်ခုံးလေးတွန့်ပြီး လှန်ကြည့်လိုက်တော့။

"ဟိုလေ...ထမင်းပွဲပြင်ပြီး သွားပြီလို့ ပြောတာပါ"

"ဟာ...အရေးထဲ...နင်ကလည်း ဟာ...ထားလိုက်...ထားလိုက်... ငါပြီးမှ စားမယ်..."

"ဟုတ်...ဟုတ်ကဲ့ အစ်ကိုလေး...ဒါဆို သစ်သစ် အိမ်ရှေ့ခန်းသွားပြီး သန့်ရှင်းရေးသွားလုပ် လိုက်ဦးမယ်နော်"

"အေး...အေး...သွားလုပ်..."

သစ်သစ် ရှေ့ထွက်သွားတော့မှ သူမလေးရှိရာဘက်ပြန်လှည့်ကြည့် လိုက်တော့။ သူ့မျက်ဝန်း တွေ ပြူးသွားရသည် ။ မျက်ခုံးလေးနှစ်ဖက် တွန့်ကွေးသွားရ၏။

ဟင်...။

ပန်းရောင်ခြယ်ဆိုတဲ့ ကောင်မလေး မရှိတော့ပါလား...။

သူ...

ဟိုဘက်လှည့်နေတုန်း သူမ လစ်ပြေးသွားပုံရသည် ။ တော်တော်လ ည်တဲ့ ကောင်မလေး။ နေနှင့်ဦးပေါ့ကွာ။ သူ့စိတ်တွေ လစ်ခနဲ ဟာသွားရ ၏။ နိုင်စစ်မာန်တစ်ယောက် စိတ်ထဲကနေ တိတ် တဆိတ် ကြိမ်းဝါးလို က်ပြီး ပန်းရောင်ခြယ်ဆိုတဲ့ ကောင်မလေးအကြောင်းကို သူ ပြုံးပြုံးက လေး တွေးလိုက်မိသည် ။

ဂွီ...။

ဂွီ...ဂွလီ...။

ဟိုက်...။

ဗိုက်ထဲက အော်သံတွေ ပြန်ထွက် လာပြီ...။

ပန်းရောင်ခြယ်ရဲ့ မျက်နှာလှလှလေးကို မမြင်ရတော့မှ ပဲ သူ့ ဗိုက်တွေရဲ့ ဆာလောင်မွတ်သိပ်မှု ကို သတိပြန်ရကာ ထမင်းစားပွဲဝိုင်းသို့ လျင်မြန်သော ခြေလှမ်းများ နှင့် အပြေးသွားလိုက်မိတော့ သည် ။

ပန်းရောင်ခြယ်။

မင်း သိပ်လှတာပဲ...။

အပြစ်ကင်းစင်နေတဲ့ မင်းရဲ့ မျက်နှာလေးကို မေ့ဖျောက်လို့ မရတော့ဘူးကွာ။ စိတ်ထဲကနေ ကြိတ်ပြီး နိုင်စစ်မာန်ပြောနေမိတော့သည် ။

***

# အခန်း ( ၃ )

"သားငယ်..."

"ဗျာ..."

အခန်းထဲကို မကြည်မလင်မျက်နှာပေးနဲ့ ဝင်လာတဲ့ မာမီ့ကိုကြည့်ပြီး သူ့ရဲ့ စိတ်ကူး ယဉ်မှုလေးတွေပင် ပျောက်ကွယ်သွားရ၏။

"မာမီ...သားကို ပြောစရာရှိတယ်..."

"ပြောလေ မာမီ..."

"ပန်းရောင်ခြယ့်အကြောင်းပြောမလို့ ..."

"ဗျာ..."

သူ အံ့သြသွားရသည် ။

သူလည်း အခုလေးတင်ပန်းရောင်ခြယ်ရဲ့ အကြောင်းကို သတိရပြီး တွေးနေတာလေ။ သူနဲ့ ထမင်းစားခန်းထဲမှာ ဆုံပြီး သူ အပြင်ထွက်လာတော့ သူမလေးကို မတွေ့တော့။ သူ အောက်ထပ်တစ် ခုလုံး ရှာပြီးပြီ။ သူမလေးရဲ့ အရိပ်အယောင်လေးမျှပင် မမြင်ခဲ့ရ။ သူ ထင်ထားတာ အပေါ်ထပ်က သူမလေးအခန်းထဲမှာ ရှိနေလောက်ပြီလို့ လေ။ ဒါကြောင့် သူ့နံဘေးအခန်းလေးဆီ ချောင်းချောင်း နေမိတာ။ သူမကို ဒီအခန်းလေး

ကလွဲပြီး တခြားဘယ်နေရာမှ ထားစရာမရှိဘူးလေ။ အောက်ထပ်က အခန်းတွေက အလုပ်သမားတွေအတွက် သီးသန့်လုပ်ထားတာ။ ရေချိုးခန်းအိမ်သာမပါတဲ့ အခန်း လွတ်ကလေးတွေလေ။ သူ ချောင်းနေတုန်း မာမီ အခန်းထဲက ထွက်လာတာနှင့် တည့်တည့်တိုး သွားရ၏။

"သားငယ်..."

"ဗျာ..."

"ပန်းရောင်ခြယ်ဆိုတဲ့ ကောင်မလေးကို မင်း တွေ့ပြီးပြီလား..."

ဟော...။ စကားစ လာပြီ။

ဧကန္တ သူနဲ့ မဆုံရသေးဘူးဆိုရင် မာမီက ခေါ်မိတ်ဆက်ပေးမယ်ထင်ရဲ့ ...။ ဒါဆို အကြောင်းမရှိ အကြောင်းရှာပြီး သူမလေးကို စကားတွေအများကြီး ပြောရပေတော့မည်။ အဟွန်း မင်း ဘာတတ်နိုင်သေးလဲ ပန်းရောင်ခြယ်။ မာမီ့ရှေ့မှာ ဆို မင်းဘယ်လိုမှ ကိုယ့်ကို ရှောင်ပြေးရဲမှ မဟုတ်တော့ဘူး။

ဟား...ဟား...။

စိတ်ထဲကနေကြိတ်ပြီး တွေးရင်း တဟားဟားရယ်နေမိသည် ။

"သားငယ်..."

"ဗျာ..."

"မာမီ မေးနေတယ်လေ..."

"ဗျာ...ဟင့်အင်း...မတွေ့ရသေးဘူး မာမီ...ဘယ်က ပန်းရောင်ခြယ်လဲ သား မသိဘူး..."

နိုင်စစ်မာန်...တမင်ကို ပြောင်လိမ်ညာပစ်လိုက်သည် ။

"အေး…ကောင်းတယ်…မင်း သူနဲ့ မတွေ့နဲ့ …"

"ဗျာ…"

မာမီ့စကားကြောင့် သူ အရမ်းကို အံ့သြသွားရပြီ။

"ဟုတ်တယ်…မင်း တွေ့စရာလည်း မလိုဘူး၊ ပတ်သက်စရာလည်း မလိုဘူး နိုင်စစ်မာန်… မာမီ လုံးဝခွင့်မပြုနိုင်ဘူး…ဟွန်း…ခြယ်မင်းထင်ရဲ့ တောင်းဆိုမှုကို မလွန်ဆန်နိုင်လွန်းလို့ သာ မာမီ လက်ခံလိုက်ရတာ …ဒင်းကို ဒီတိုက်ကြီးထဲမှာ တစ်စက်ကလေးမှ ရှိမနေစေချင်ဘူး သားရယ်"

ဟာ…။

ခါးသီးလွန်းတဲ့ မာမီ့စကားတွေက ပန်းရောင်ခြယ်သာကြားရင် အရမ်းကို စိတ်မကောင်းဖြစ် သွားမှာ ပဲ။

"သူတို့ အမေက ဆုံးပြီဆိုတော့ ပန်းရောင်ခြယ်ကို တစ်ယောက်တည်း ထားလို့ မရတော့ဘူး လေ…ခြယ်မင်းထင်က သူ့ညီမ ဘဝရှေ့ရေးလေးအတွက် ပညာကို ဆုံးခန်းတိုင်အောင် သင်ပေးပါရ စေတဲ့ … မာမီဖြစ်စေချင်တာက ကောင်မလေးကို ကြိုက်သလောက် ထောက်ပံ့ပါစေ…ဒီမှာ ခေါ်မထား စေချင်ဘူး…"

ဟာဗျာ…။

သနားစရာ ပန်းရောင်ခြယ်လေးရဲ့ ဘဝပါလား။ မာမီက မကြည်ဖြူချေ။

"မာမီ့မှာ က သားလူပျိုလေးတစ်ယောက်ရှိတာလေ…"

သြော်…။

မာမီက သူနဲ့ ပန်းရောင်ခြယ့်ကို စိတ်မချတာပါလား။ ဒီလောက်ဆို မာမီသဘောထားကို သူ ကောင်းကောင်း ကြီး နားလည်လိုက်ပြီလေ။

"မာမီကလည်း ဗျာ...ထင်စရာရှားလို့ ..."

"ထင်ရတယ် သားရေ...ဒီလိုဟာမျိုးတွေ စိတ်ချရတာ မဟုတ်ဘူး ... တော်ကြာ မာမ့်သား နုနုထွတ်ထွတ်ကလေးကို မြှူဆွယ်လိုက်ရင် ဘယ် နှယ့်လုပ်မလဲ...မာမီပဲ ရင်ကျိုးရမှာ ..."

"မာမီ..."

"ဟင်..."

သူ မာမ့်စကားတွေကို ဆက်ပြီး နားမထောင်ရဲစွာ တားဆီးပစ်လိုက် သည် ။ သူ့အသံစူးစူး ကြောင့် မာမီပင် လန့်သွားပြီး သူ့မျက်နှာကို အလ န့်တကြား မော့ကြည့်၏။ ဒီတော့မှ သူ့ကိုယ်သူ သတိထားမိပြီး. မာမ့်စိ တ်တွေ အေးချမ်းစေရန်...

"သားကို အထင်သေးတာလား မာမီ..."

"ဘာရယ်..."

ပန်းရောင်ခြယ်အတွက် မာမ့်ကို သူ အကောင်းဆုံးကာဘာလုပ်မှ ဖြ စ်တော့မည်လေ။

"သားက မာမ့်သားပါ..."

"ဟင်..."

"မာမီ ဘာတွေလျှောက်ပြီး စိုးရိမ်နေတာလဲ မာမီ...သား စိတ်ဆိုးတ ယ်ဗျာ..."

"ဟို...ဟိုလေ...မာမီက..."

"မာမီစိတ်ပူတာ တအားလွန်နေပြီ..."

"ဟယ်...သား...သားလေးက..."

"ကျွန်တော်တို့ အိမ်မှာ လာမှီခိုရတဲ့ သူကို မာမီရယ်..."

"အမလေး...သားရယ်...ဝမ်းသာလိုက်တာ...မာမီ့ရင်ထဲက အလုံးကြီး အခုမှ ပဲ ဂုန်းခနဲ ပြုတ်ကျသွားတော့တယ်"

သားလေးနိုင်စစ်မာန်ဆီက ဒေါ်ဝတီခင် အကြားချင်ဆုံး စကားတွေ ထွက်ကျလာသဖြင့် ဝမ်းသာသွားရသည် ။

"ဟာဗျာ..."

မျက်ခုံးလေးတွေ တွန့်ကွေးပြီး ညစ်တစ်တစ်လေး ဖြစ်နေတဲ့ သားချောလေးရဲ့ မျက်နှာ သုန်မှုန်မှုန်လေးကိုကြည့်ပြီး ဒေါ်ဝတီခင် စိတ်ချမ်းသာသွားရသည် ။ သို့သော် စိတ်ကိုတော့ ဒုန်းဒုန်း မချရဲသေးပါ။ သားလေးက ပန်းရောင်ခြယ်ဆိုတဲ့ ကောင်မလေးကိုမှ မတွေ့ရသေးတာ။ တွေ့လိုက်ရင် သားလေးရဲ့ စိတ်ဓာတ်တွေ ပြောင်းလဲမသွားနိုင်ဘူးလို့ ဘယ်သူပြောရဲသလဲ။ ပန်းရောင်ခြယ်ဆိုတဲ့ ကောင်မလေးက အရမ်းလှပြီး အရမ်းကို ချစ်စရာကောင်းတာလေ။ မြင်ရသူ စွဲမက်စရာကောင်းလွန်း တဲ့ ပန်းရောင်ခြယ်နဲ့ သားလေး နိုင်စစ်မာန်ကို ဘယ်လိုမှ စိတ်မချနိုင်သေးတာတော့ အမှန်ပါပဲ။

"မာမီ..."

"ဟေ..."

"အဲဒီကောင်မလေးကို ဘယ်လောက်ကြာ လက်ခံထားမှာ လဲ..."

"အင်း...မောင်ခြယ်မင်းထင်ကတော့ ကျောင်းပြီးလို့ သူ့ဘဝရပ်တ

ည်လို့ ရရင် တော်ပါပြီ တဲ့ ..."

"အင်း...ဒါဆို သုံးလေးနှစ်လောက်တော့ လက်ခံပေးရမှာ ပေ့ါ..."

"အေးပေ့ါ...သားရယ်...ဘယ်တတ်နိုင်ပ့ါမလဲ..."

သုံးလေးနှစ်ဆို၍ ...။

နိုင်စစ်မာန်ရဲ့ ရင်ထဲကြိတ်ပြီး ပျော်သွားရသည် ။ ဒီတိုက်ကြီးထဲမှာ ပန်းရောင်ခြယ်ကလေးနဲ့ တစ်မိုးအောက်မှာ အတူတူနေခွင့်ရမှာ လေ။ အတွေးလေးနဲ့ တင် သူ့မျက်နှာကြီးက ပြုံးသွားရ၏။ ဒါကို မာမီက မမြင်ချေ။

"သား..."

"ဗျာ..."

"ကောင်မလေးကို လုံးဝအရောမဝင်နဲ့ နော်...ခပ်မှန်မှန်ပဲ ဆက်ဆံ ...မာမီကတော့ လုံးဝမျက် နှာသာမပေးဖို့ ဆုံးဖြတ်ထားတယ်...ဟွန်း... မင်းအစ်မသက်မှူးခင်ကတော့လေ ယောကျ်ားမျက်နှာ လုပ်ပြီး ယောက်မကို ခေါင်းပေါ်တင်နေချင်လို့ မာမီကြိတ်ပြီး ပြောထားရသေးတယ်"

ဟာ...။

မာမီရယ်...။

ပန်းရောင်ခြယ် သနားပါတယ်ဗျာ။

သူ့မှာ ခိုကိုးရာမရှိလို့ အစ်ကို့မျက်နှာလေးတစ်ခုတည်းနဲ့ ဒီတိုက်ကြီးထဲ ဝင်လာရတာ။ နည်းနည်းတော့ စာနာသင့်ပါတယ်ဗျာ။

"သားငယ်..."

"ဗျာ...."

"မာမီ အစိုးရိမ်ဆုံးက သားငယ်ကိုပဲ..."

"ဟာ..."

"ဒီတစ်ခါတော့ သက်မှူးခင်လိုအဖြစ်မျိုး မာမီအရောက်မခံနိုင်တော့ဘူး...အမုန်းခံပြီး တားဆီးရမှာ ပဲ...ငါ့သားနုနုထွတ်ထွတ်လေးကို ဘာအဆင့်အတန်းမှ မရှိတဲ့ မိန်းကလေးတစ်ယောက် နဲ့ အဖြစ်မခံနိုင်ဘူး...
"

"ရှူး...တိုးတိုးပြောပါဗျာ...မာမ့်အသံကို တဘက်ခန်းက ကြားသွားပါဦးမယ်..."

"ကြားတော့ ဘာဖြစ်လဲ...ဘယ်သူမှ မရှိတဲ့ အခန်းလွတ်ကြီးဟာကို
..."

"ဗျာ..."

အခန်းလွတ်ကြီးတဲ့ ...။

ဒါဆို ပန်းရောင်ခြယ်က သူနဲ့ ဘေးချင်းကပ် အခန်းမှာ မဟုတ်ဘူးပေါ့...။

"အဟင်း...ဟင်း...ဒင်းက ဘာအခြေအနေမှ မရှိဘဲ တိုက်ကြီးပေါ် အခန့်သားနေချင်လို့ ရမလားကွယ်...ဒီလိုမာမီက အကျော့ဘယ်ခံလိမ့်မလဲ...အောက်ထပ်က လွတ်နေတဲ့ အလုပ်သမား ဒေါ်မိုးနဲ့ သစ်သစ်တို့ ရဲ့ ဘေးအခန်းမှာ နေရာစီစဉ်ပေးခိုင်းလိုက်တာပေါ့..."

ဟာဗျာ...။

သူ့ရင်ထဲ နင့်သည်းသွားရသည် ။

သို့သော်...မာမီရိပ်မိသွားမှာ စိုးသောကြောင့် သူ့မျက်နှာ သိပ်ပြီးမပျ

က်ရဲသေး။ မာမီက သူနဲ့ အဓိကစိုးရိမ်နေတာ မဟုတ်လား။ မာမီက သူနဲ့ အဓိကစိုးရိမ်နေတာ မဟုတ်လား။ ပန်းရောင်ခြယ့် အပေါ် နည်းနည်းလေး စိတ်ဝင်စားလိုက်တာနဲ့ ပန်းရောင်ခြယ်ရဲ့ ဘဝလေး မြောင်းထဲရောက်သွားမှာ လေ။

သူ...။

ပန်းရောင်ခြယ်ကို မြင်မြင်ချင်း ချစ်မိသွားရပြီ။

ဘယ်လိုမှ မေ့ဖျောက်လို့ မရတဲ့ သူမရဲ့ မျက်နှာလေးက အာရုံမှာ ခိုတွယ်နေသည် ။ သူမရဲ့ ဘဝ လေးကို သိလိုက်ရတော့ပို၍ ပင် သနားစိတ်နှင့် သံယောဇဉ်ပင် တွယ်ရ၏။

ဒါကို မာမီသာသိကြည့်စမ်း။ ပန်းရောင်ခြယ်ကို အထုပ်ပိုက်ပြီး ရွာကိုပြန်ခိုင်းတော့မှာ ။ ဘယ် သူ့မျက်နှာမှ မထောက်ထားတတ်တဲ့ မာမီ။ စိတ်ကအရမ်းမြန်သည် ။ သူ့ကြောင့် ပန်းရောင်ခြယ်ရဲ့ အနာဂတ်လမ်းကြောင်းလေးတွေ မပျောက်စေချင်။

"သား...ဟဲ့ သားငယ်..."

"ဟင်...ဟာ...ဗျာ မာမီ..."

"ဘာတွေ တွေးနေတာလဲ သားငယ်..."

"ဟို...ဟို...ခရစ်စတယ့်အကြောင်းပါ မာမီ..."

နိုင်စစ်မာန်။

ပါးစပ်ကနေ တွေ့တဲ့ နာမည်တစ်ခုကို ကောက်ယူပြီး ခုတုံးလုပ်လိုက်ရသည် ။ ပန်းရောင်ခြယ့် အကြောင်း တွေးနေတာကို မပြောရဲ။

"ဟင်း... ဟင်း... သားလေး... ရွှတ်... ရွှတ်ပြနေတဲ့ နာမည်တွေက

သိပ်ကိုများ လွန်းလို့ မာမီတောင် မမှတ်ထားနိုင်တော့ပါဘူးကွယ်... ဟင်း... ဟင်း...ကောင်းတယ်၊ ကောင်းတယ် ... ပန်းရောင်ခြယ် မဟုတ်ရင်ပြီးရော"

"ဟာ... လာပြန်ပြီ... ဒီပန်းရောင်ခြယ်ဆိုတဲ့ နာမည်...မာမီနော် သားစိတ်ဆိုး လာပြီ...မာမီ ခဏခဏပြောလို့ စိတ်ဂင်စား လာပြီနော်..."

"အမလေး...အမလေး...မပြောနဲ့ ဆိုလည်း မပြောတော့ပါဘူးကွယ် ...စိတ်တော့မဂင်စား လိုက်ပါနဲ့ ...ရှစ်ကြိုးခိုးပါရဲ့ တော်...သားပါထပ်သွားရင် မာမီသေလိမ့်မယ်"

"ဟား...ဟာ...အလကားစတာပါ...ကဲ...ကဲ မာမီ စိတ်ချလက်ချသာ အနားယူပါ...သား အတွက် လုံးဂစိတ်မပူနဲ့ ..."

"သား..."

"ဗျာ..."

"ကောင်မလေးက အိမ်ဖော်သာသာလေးပါကွယ်...သားလည်း ကိုမင်းရဲ့ ညီမဆိုပြီး အားနာ မနေနဲ့ ခိုင်းသာခိုင်း"

"ဟာ...မာမီကလည်း ..."

သူ...

မာမ့်စကားကြောင့် ပန်းရောင်ခြယ်ကို အားနာသွားရသည် ။

"ဘာမာမီကလည်း ...သားငယ်နော်..."

မာမ့်မျက်နှာ ကွက်ခနဲပျက်သွားတာမို့ သူ့စိတ်တွေပျာယာခတ်သွားရ၏။

"မဟုတ်ရပါဘူးဗျာ...ကိုမင်းရှေ့တော့ မလုပ်နဲ့ လို့ ပြောတာပါ... ကွ

ယ်ရာတော့ တစ်မျိုးပေါ့ ဗျာ့..."

သူ့စကားကြောင့် မယုံသင်္ကာအကြည့်တွေက ရုတ်လျော့သွားပြီး ခပ်စူးစူး မာမီက စိုက်ကြည့် ကာ ...

"ပြီးရော..."

ဟု စိတ်ဖြေလျှော့သွားလေသည် ။

ဟူး...။

ရင်မောရပါလားနော်။

နိုင်စစ်မာန်တောင် ဒီလောက်ရင်မောနေရင် အဓိက ပတ်သက်ဆက်နွယ်နေတဲ့ မမသက်မှူးခင်က ပိုပြီးတော့တောင် ဆိုးဦးမှာ ပေါ့။ တစ်ဘက်က မိခင်၊ တစ်ဘက်ကလင်ယောကျ်ား စိတ်မောပေဦးပေါ့ မမရေ...။

"မာမီ..."

"ဟင်..."

"သားကို ငွေနည်းနည်းပေးဦးနော်"

"ဟယ်... မနေ့ကလည်း ပေးထားသေးတယ်လေ... ကုန်ပြီလား"

"ကုန်ပြီ..."

"အသုံးကြီးလှချည်လား သားရယ်..."

"မာမီကလည်း ဗျာ... စိတ်ညစ်လိုက်တာ... ငွေတောင်းတိုင်း အမြဲတမ်း အဆင်ပြေချောမွေ့ ရတယ် မရှိဘူး... စိတ်ရှုပ်တယ်ဗျာ... မယူတော့ဘူး... သွားတော့မယ်..."

ပြောပြောဆိုဆို ဗိုးခနဲဗပ်ခနဲ နေရာက,ထကာ အခန်းတခါးဖွင့်ပြီ

ထွက်သွားဖို့ ပြင်နေတဲ့ သားငယ်နိုင်စစ်မာန်ကိုကြည့်ပြီး ဒေါ်ဝတီခင့်မျက်ဝန်းလေးတွေ ပြုံးကျယ်သွားရ၏။

"ဟဲ့...ဟဲ့...သားငယ်...ဒါက ဘယ်လဲ..."

"ဗိုက်ဆာလို့ ဗျ...ပန်းသီးသွားယူမလို့ ..."

ပြောပြောဆိုဆို သူ သွက်လက်စွာ အောက်ထပ်သို့ ပြေးဆင်းခဲ့သည်
။

"ဟဲ့...ဟဲ့...ပိုက်ဆံယူသွားဦးလေ...ဩော်...ဒီကလေးနှယ်..."

လှည့်မကြည့်တော့ပါ။

မာမီက အချိန်တန်ရင် ငွေထုတ် လာပြီး သူ့ဆီလာပေးမှာ ပဲလေ။ အဲ့ဒါကို စောင့်ပြီးယူရင် သူ့အတွက်အချိန်တွေ အလကားကုန်သွားမှာ ပေါ့။ ပန်းရောင်ခြယ်ဆိုတဲ့ ကောင်မလေးကို အောက်ထပ်မှာ ထားတယ်ဆိုတဲ့ သတင်းတစ်ခုလေးနဲ့ တင် သူ့အတွက် အရမ်းကိုလုံလောက်သွားပြီ လေ
...။

သူမလေးကို တွေ့ရလိုတွေ့ရငြား သူ ပန်းသီးစားချင်လို့ ဆိုတဲ့ အကြောင်းပြချက်နဲ့ ဆင်းလာ ခဲ့တာ။

ဒါကို မာမီက မသိဘူးလေ။

သူ့ကို တကြော်ကြော်ခေါ်ရင်း မာမီ ကျန်နေရစ်ခဲ့တော့၏။

***